
# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း
ငါ့စကား တည်လိမ့်မည်။ လုကာ ၂၁း၃၃

အမှတ်စဉ် ( ၅ ) ဒီဇင်ဘာလ ၂၀၀၂ ခုနှစ် ဒေါ့ဂါနု



ဆောင်းပါး

## အသစ်များအကြောင်း

စင်ကာပူ မှာအလုပ်လုပ်ဖို့ အလုပ်ခန့်စာကိုရတဲ့အချိန်မှာ အမိနိုင်ငံ (နိုင်ငံဟောင်း) မှ စင်ကာပူ (နိုင်ငံသစ်) ကိုသွားဖို့ ကျွန်တော် စပြီးပြင်ဆင်ရပါတော့တယ်။ ပထမဦးဆုံး နှစ်ရှည်လများ၊ နှစ်သက်မြတ်နိုးစွာ ဝတ်ဆင်လေ့ရှိတဲ့ ရှပ်အင်္ကျီလက်ရှည်နဲ့ချည်လုံချည်အစား၊ စပို့ရှပ်နဲ့ဘောင်းဘီရှည်ကို ပြောင်းလဲဝတ်ဆင်ခဲ့ရပါတယ်။ နောက်တော့ စီးနေကျ ကတ္တီပါညှပ်ဖိနပ်အစား ၊ ဝေါ့ကင်းရှူးဖိနပ်ကို ပြောင်းလဲဝတ်ဆင်ရပါတယ်။ အဲဒီနောက်မှာတော့ စားနေကျ မြန်မာ အစားအစာ အစား၊ စင်ကာပူအစား အစာတွေကို ပြောင်းလဲစားသုံးရပါတယ်။ ပြောနေကျ မြန်မာစကားအစား ဘိုစကား ကိုလဲပြောရပြန်ပါသေးတယ်။ အဲဒီအခါကျမှဘဲ ကျွန်တော်ဟာ စင်ကာပူ (နိုင်ငံသစ်) နဲ့ အံဝင်ခွင်ကျ ဖြစ်သွားပါတော့တယ်။

ဒီအကြောင်းအရာလေး နဲ့ ပတ်သက်ပြီး နှစ်သစ်မှာ ဘုရားသခင်၊ ကျွန်တော့်ကို ဘာသွန်သင်သလဲလို့ ဆင်ခြင်ကြည့်တဲ့အခါရရှိလာတဲ့ သင်ခန်းစာတစ်ချို့ကို လက်ဆင့်ကမ်း ဝေငှလိုက်ပါတယ်။

သခင်ယေရှုခရစ်တော်ကို မိမိရဲ့ ကယ်တင်ပိုင်ရှင်အရှင်သခင် အဖြစ်ကိုးကွယ်လက်ခံယုံကြည်တဲ့သူဟာ နိုင်ငံဟောင်း ( စာတန်အုပ်စိုးမှု၊ ဒုစရိုက်လောက၊ အတ္တ စေစားရာ ဘဝ ) မှ နိုင်ငံသစ် (သခင်ယေရှု အုပ်စိုးမှု၊ မေတ္တာနိုင်ငံ၊ အလင်းတရား ) ဆီကို ပြောင်းလဲလာသူများဖြစ်ပါတယ်။ ဒီလူတွေဟာ နိုင်ငံဟောင်းနဲ့ ဆိုင်တဲ့အရာတွေကို ချွတ်ပယ်ပြီး နိုင်ငံသစ်နဲ့ ဆိုင်တဲ့ အရာတွေကို ယူတင်ဝတ်ဆောင်ရပါလိမ့်မယ်။

၁။ အဝတ်အစား အသစ်– – – အရင်ကဝတ်ဆင်ခဲ့တဲ့ ဇာတိသဘောအတ္တ ခြုံလွှာကို ချွတ်ပယ်ပြီး၊ ယေရှုခရစ်တော် ရဲ့ပုံသဏ္ဍာန်ပေါ်လွင်စေဖို့ ထိုသခင်ကို ယူတင်ဝတ်ဆောင် ရပါလိမ့်မယ်။

* သင်တို့သည် လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကိုချွတ်ပယ်၍၊ ဖန်ဆင်းတော်မူသော သူ၏ပုံသဏ္ဍာန်နှင့်အညီမှန်သောပညာအားဖြင့် အသစ်ပြုပြင်သော လူသစ်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ကောလောသဲ ၃း၉–၁၀

* အယင်က ကျင်လည်ကြသည်အရာမှာ လှည့်ဖြားတတ်သော လောဘစိတ်တို့ဖြင့်ပုပ်ပျက်သောလူဟောင်းကိုချွတ်ပယ်၍၊ စိတ်နှလုံးသဘောသစ်ကိုရပြီးလျှင် မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့်အတူအမျှ ဖန်ဆင်းသောလူသစ်ကိုယူတင်ဝတ်ဆောင်မည်အကြောင်း၊ ခရစ်တော်၏စကားကို ကြားနာရသည်ဖြစ်၍ ယေရှု၌သမ္မာတရားရှိသည်နှင့်အညီ၊ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။ ဖေက် ၄း၂၁–၂၄

၂။ ဖိနပ် အသစ်– – – အရင်က ကိုယ်ထင်ရာသွားခဲ့ဖူးတဲ့ခြေလှမ်းတွေအစား၊ ဧဝံဂေလိသတင်းကောင်းဖြန့်ဝေဖို့ သခင်ညွှန်ရာသွားတဲ့ ခြေလှမ်းတွေဖြစ်ရပါမယ်။

* ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရားကိုဟောပြောအံ့သောငှာ ပြင်ဆင်သောအဖြစ်တည်းဟူသော ခြေစွပ်ကိုစွပ်လျက်ခံရပ်ကြလော့။ ဖေက် ၆း၁၅

၃။ အစားအစာ အသစ်– – – ဝိညာဉ်အသက်တာကြီးထွားဖို့နဲ့ ဘုရားရဲ့အလိုတော်ကို သိနိုင်ဖို့ နှုတ်ကပါတ်တော် အစာကိုစားသုံးရပါမယ်။

* သင်တို့ စိတ်ဝိညာဉ်ကို ကယ်တင်နိုင်သော၊ အထဲ၌စိုက်ပျိုးသော နှုတ်ကပါတ်တရားကို နူးညံ့သိမ်မွေ့သောစိတ်နှင့်ခံယူကြလော့။ ယာကုပ် ၁း၂၁

၄။ ဘာသာစကား အသစ်– – – အရင်က ဘုရားမဲ့၊ တရားမဲ့လောကီစကားတွေကို ပြောဖြစ်ခဲ့ပေမဲ့ အခုချိန်မှာတော့ ဘုရားအလိုရှိတဲ့ ကောင်းသောစကားကိုဘဲ ပြောရပါမယ်။

* ညစ်ညူးသော စကားတစ်ခွန်းကိုမျှ သင်တို့နှုတ်ထဲကမထွက်စေနှင့်၊ ကြားနာသော သူတို့၏အကျိုးကိုပြုစုစေခြင်းငှာ၊ တည်ဆောက်စရာဖို့ကောင်းသောစကားကိုသာ သုံးဆောင်ကြလော့။ ဖေက် ၄း၂၉

* ခရစ်တော်၏ နှုတ်ကပါတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ကြွယ်ဝစွာတည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသောဓမ္မသီချင်းအမျိုးမျိုးအားဖြင့် အချင်းချင်းတို့ကိုဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင့်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာသီချင်းဆိုကြလော့။ ကောလောသဲ ၃း၁၆

၂၀၀၂ ခုနှစ် နှစ်သစ်မှာ ဘုရားသခင်ရဲ့ အလိုတော်နှင့် အညီ အရာရာတိုင်း 'သစ်' နိုင်ကြပါစေ။ ။

*(မင်းအောင်သက်လွင် )*


(သခင့်စကား စာစောင်ကို မိတ္တူ ကူး၍ သင့်မိသားစု၊ ဆွေမျိုး နှင့် မိတ်ဆွေများထံ လက်ဆင့်ကမ်းပေးပို့ ခြင်းဖြင့် အမှုတော်မြတ်တွင် ပါဝင်ပါ။)

ပျော်ရွှင်သော နှစ်သစ်ဖြစ်ပါစေ

မင်း တောင် သက် လွင် * ငြိမ့် သုတ် ဝေ သည်

တရားဒေသနာ

# ဘုရားကြိုက်အောင်နေပါ



လူငယ်သည်၊ လူငယ်သာဖြစ်သည်။ လူငယ်များ၌ ဘုရားသခင်ပေးထားသော အခွင့်အရေးများစွာရှိပါသည်။ ကောင်းခြင်း၊ဆိုးခြင်းအားရွေးချယ်နိုင်ခွင့်ရှိပါသည်။ လူငယ်တိုင်း အမှားမလုပ်နိုင်ပါ။ လူကြီး လူကောင်းများ၏ ပုံစံကောင်းပြခြင်း၊ မပြခြင်းထက် မိမိ၏ ပင်ကိုယ်ဘုရားပေးအခွင့်အရေးများအားဖြင့် မှန်သော လမ်းစဉ်အား ရွေးချယ်နိုင်ပါသည်။ မည်သူမပြု မိမိမှုသာဖြစ်သည်။

သမ္မာကျမ်းစာတော်မြတ်၌ မှားယွင်းစွာကြင့်ကြံပြုမူခဲ့ကြသည့် ဘိုးဘေးအချို့တို့၏နည်းလမ်းများအတိုင်း မလိုက်လျှောက်ဘဲ၊ ဘုရားသခင်၏ တရားလမ်းအားအခြေခံပြီး ကောင်းမြတ်မှုအားရွေးချယ်ခဲ့သည့် လူငယ်တစ်ဦးရှိခဲ့ပါသည်။ ထိုလူငယ်အား ဓမ္မဟောင်းကျမ်းပိုင်းရှိ ရာဇဝင်ချုပ်ဒုတိယစောင် အခန်းကြီး ၃၄ တွင်တွေ့နိုင်ပါသည်။ ထိုလူငယ်သည် တိုင်းသူပြည်သားလူအများမှ လေးစားအားထားခဲ့ရသည့် ' ယောရှိ ' ဘုရင်မင်းမြတ် ပင်ဖြစ်ပါသည်။ အသက် ငယ်ရွယ်သော်လဲ ( အသက် ၈ နှစ်တွင် နန်းတက်သည်။) အမှန်တရားအား မြတ်နိုးခဲ့ပါသည်။ ကောင်းမြတ်မှုအား ရွေးချယ်ခဲ့ပါသည်။ မိမိ၏ ဖခင် မှားယွင်းခဲ့သည်များကို ဆန့်ကျင်ပြီး ကောင်းမြတ်မှန်ကန်ရာများကိုသာ လုပ်ဆောင်ခဲ့ပါသည်။ ဗိမ္မာန်တော် အတွင်းမှ ပြန်လည်တွေ့ရှိခဲ့သည့် ဘုရားသခင်၏ တရားစကားများ ရေးသားထားသည့် ' ဥပဒေသ စာအုပ် '(ကျမ်းစာ) အား လက်တွေ့အသက်တာ၌ အသုံးချပြီး အသက်ရှင်နိုင်ရန် အသက်သွင်းခဲ့သူလဲဖြစ်ပါသည်။ ယောရှိမင်း ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်ခဲ့မှုများအား အကျဉ်းချုံး၍ လေ့လာမည်ဆိုပါက– – –

ရာဇဝင်ချုပ် ဒုတိယစောင် ၃၄း၂ ထာဝရဘုရား ရှေ့တော်၌ တရားသောအမှုကိုပြုခြင်း။

။ ၃၄း၈ ထာဝရဘုရား ၏အိမ်တော်အား ပြုပြင်ခြင်း။

။ ၃၄း၁၄ မောရှေ ရေးထားခဲ့သည့် ပညတ္တိ ကျမ်းစောင်အား တွေ့ရှိခြင်း။

။ ၃၄း၁၉ ထာဝရ ဘုရား၏ တရားစကားအား ကြားလျှင် မိမိအဝတ်အားဆုတ်၍ နောင်တရခြင်း။

။ ၃၄း၂၁ ထာဝရဘုရားအား ကြောက်ရွံ့ခြင်း။

။ ၃၄း၃၁ လူအားလုံးနှင့်အတူ ကျမ်းစာရှိသမျှအားဖတ်၍ သမ္မာတရားအတိုင်းကျင့်ကြံခြင်း။

အထက်ဖော်ပြပါ အချက်အချို့သည်၊ ယောရှိမင်း ၏စိတ်သဘောနှင့် သမ္မာတရားအားမြတ်နိုးတွယ်တာမှုကိုဖော်ပြနေပေသည်။ ဘိုးဘေးတချို့မှားယွင်းခဲ့ရခြင်းသည်၊ ဘုရားသခင်၏ ဥပဒေသ အတိုင်းမလိုက်လျှောက်ခဲ့၍ဖြစ်ကြောင်း ယောရှိမင်းသိသွားခဲ့ပါသည်။ မိမိသိရှိသွားသည့်အတိုင်း ကိုယ်တိုင်ကျင့်၍ အခြားသူများကိုလဲ သွန်သင်ပေးခဲ့ပါသည်။

ယနေ့ အသင်းတော်သို့ရောက်ရှိလာကြပြီး ဘုရားသခင်၏ တရားတော်အားရရှိသွားကြမည့် လူငယ်မောင်မယ်များအနေဖြင့်လဲ မိမိယခင်ကမသိ၍ မှားယွင်းခဲ့သည်များအား ပြန်လည်၍ပြုပြင်နိုင်သကဲ့သို့ ရှေ့ဆက်မည့်ခရီး၌လဲ ဘုရားသခင် အလိုရှိသည့်အတိုင်း မယိမ်းမယိုင်လျှောက်လှမ်းနိုင်ရန် ဆုံးဖြတ်ချက်ချရပေတော့မည်။

လူငယ်မောင်မယ် များ၏ရှေ့တွင်ရွေးချယ်စရာ များစွာရှိနေပေသည်။ သို့သော် ဘုရားသခင် အလိုချင်ဆုံးသောအရာသည်၊ ဘုရားသခင်၏ တရားလမ်းအတိုင်း လျှောက်လှမ်းခြင်းဖြစ်ကြောင်း အစဉ်သတိရပြီး ယောရှိမင်း ကဲ့သို့ ဘုရားကြိုက်အောင်နေတတ်သည့် လူငယ်များ ဖြစ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။ ။

သင်တို့ ၏ အဆွေ

*(ဘုန်းတော်ကြီး ဂျယ်ဂျိုးနှယ်)*

≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈ ≈


# လဲလှယ်ခြင်းနိယာမ

ကဗျာ

ဧဝ ဟာ ထာဝရ အသက်ရှင်ခြင်းကို – ပန်းသီးတစ်လုံးနဲ့ လဲလှယ်ခဲ့တယ်။
ဧသော ဟာ သားဦးအရာကို – ဟင်းတစ်ခွက်နဲ့ လဲလှယ်ခဲ့တယ်။
ယုဒရှကာရုတ် ဟာ ယေရှု ကို – ငွေ သုံးဆယ်နဲ့ လဲလှယ်ခဲ့တယ်။
ပေါလု ဟာဝမ်းမြောက်ဖွယ်သတင်းကို – ရက်ကြောက်ခြင်းနဲ့ လဲလှယ်ခဲ့တယ်။
မောရှေ ဟာ အဲဂုတ္တု စည်းစိမ်ကို – ဒုက္ခဆင်းရဲခြင်းနဲ့ လဲလှယ်ခဲ့တယ်။
သခင်ယေရှု ဟာ မင်း နဲ့ ငါ့ ကို – ကောင်းကင်စည်းစိမ်၊ သွေး၊ ချွေး၊ အသက် နဲ့ လဲလှယ်ခဲ့တယ်။
( ဒါဆိုရင် ) မင်းကရော ဘယ်အရာကို ၊ ဘယ်သူ့အတွက်၊ ဘာနဲ့ လဲလှယ်မှာလဲ။ ။

*(မင်းအောင်သက်လွင်)*

MIN AUNG THET LWIN 4, TUAS AVE 10 SINGAPORE 639128




ခံစားမှု ရသ ဝတ္ထုတို

# အကြွေပန်း သစ္စာ

အကြွေပန်း သစ္စာ
မြေမှာ နွမ်းလို့ အကြွေပန်း လို့ခေါ်မှာလား၊
ဝေဆာ မလန်းလို့ အကြွေပန်း လို့ခေါ်မှာလား။
အကြွေပန်း ကို 'စမ' မနမ်း ရင်လဲ ၊ ခြေလှမ်းကိုင်းမှာ
တို့ခစ္စာ နဲ့ လမ်းကလေး ခင်းထားမယ်။
( ကျွန်တော် )

အခန်း (၁)

ဒေါသ နဲ့ ဆုတ်ဖြဲခြင်း ခံလိုက်ရတဲ့ မင်္ဂလာဆောင် ဖိတ်စာ အပိုင်းအစ တွေက အခန်းထဲမှာ ဟိုဒီ ပြန့်ကြဲလို့ နေပါတယ်။ စင်ကာပူ က ဝယ်လာတဲ့ ပလက်တီနမ် လက်ထပ်လက်စွပ် နှစ်ကွင်းဟာလဲ စားပွဲ ပေါ်မှာ ပိုင်ရှင်မဲ့လို့ နေခဲ့ပါပြီ၊ ဆူဝေ နေတဲ့ ဒေါသကြောင့် နှုတ်ခမ်း ကို ပြတ်လုမတတ် ကိုက်ထားရင်း ပါးပြင်ပေါ် စီးဆင်းကျလာတဲ့ မျက်ရည်တွေကို လက်ခုံနဲ့ ခပ်ကြမ်းကြမ်းလေး သုတ်ပစ်လိုက်တယ်။ 'မောင် သိပ်ရက်စက်တယ်၊ သစ္စာ မရှိတဲ့သူ' လို့ နှုတ်ထဲက ရေရွတ်ရင်း မောင့် ဓါတ်ပုံ ထည့်ထားတဲ့ မှန်ဘောင် ကို လွှင့်ပစ်လိုက်တယ်၊ 'ခွမ်း–'။ ရည်းစားသက်တမ်း ၁၀ နှစ် နီးပါး ဖြတ်သန်းလာတဲ့ တစ်လျှောက်လုံး မောင် ဟာ သိုးလေးတစ်ကောင် လို ဖြူစင်ခဲ့ပါတယ်။ သွင်ပြင် အမူအယာ အေးဆေးတည်ငြိမ် ပြီး မွေ့အမူတော်ဆောင် ဖို့ ဆက်ကပ်ထားတဲ့ မောင့် ကြောင့်၊ အိမ်ထောင်တစ်ခုကို တည်ထောင်နိုင်မဲ့ ငွေကြေးအခက်အခဲ ပြေလည်အောင်၊ တတ်ထားတဲ့ ပညာနဲ့ အလုပ်လုပ်ဖို့ စင်ကာပူ ကို မိန်းမသား တန်မဲ့ ကျွန်မ စွန့်စားပြီး ထွက်လာခဲ့ပါတယ်။ စင်ကာပူမှာ ၄ နှစ် အလုပ်လုပ်ပြီးလို့ မောင် နဲ့ လက်ထပ်ဖို့ အပြီးပြန်လာခဲ့တဲ့ အချိန်မှာ လက်ထပ်ဖို့ အားလုံးအဆင်သင့် ဖြစ်လို့ ဖိတ်စာ ရိုက်ပြီးတော့မှ မောင် က 'သူ့ကို မေ့လိုက်တော့' တဲ့၊ရက်စက်လိုက်တာ မောင်ရယ်––– ။

အခန်း (၂)

'နင့်ထက် သာတဲ့ မိန်းမကို တွေ့သွားလို့ နင့်ကို ထားခဲ့တာ နေမှာပေါ့၊ ဟင်း–– တွေ့လို့ကတော့ ငါ့အကြောင်း ကောင်းကောင်း သိသွားမယ်' ကျောင်းနေဖက် သူငယ်ချင်း မိမာ ရဲ့ အသံက ဆူညံစွာ မောင်းနှင်နေတဲ့ အဝေးပြေးကား ရဲ့ အင်ဂျင်စက်သံ ကို ထိုးဖောက်ပြီး ထွက်လာပါတယ်၊ မောင့် သူငယ်ချင်း တစ်ယောက် ဆီက နောက်ဆုံးရတဲ့ သတင်းအရ၊ မြန်မာပြည် နယ်စပ်က တောမြို့လေး တစ်မြို့မှာ မောင် ရောက်နေတယ် လို့ သိရတာနဲ့၊ မောင့် ဆီက နောက်ဆုံး ဖြေရှင်းချက် တစ်ခုခု ကို ကိုယ်တိုင်ကြားချင်တဲ့ ဇောကြောင့် ကျွန်မရယ်၊ မိမာ ရယ် မောင် ရှိတဲ့ ဆီကို ရထားတတန်၊ ကားတတန် နဲ့ ချက်ခြင်း ထွက်လာခဲ့ပါတယ်။

အခန်း (၃)

မြို့ အဝင်ဝမှာ ဆောက်ထားတဲ့ ချောင်းကူး တံတားလေး က ကျဉ်းနေတာမို့ ရွာဘက်ကနေ တန်းစီပြီး လျှောက်လာတဲ့ လူအုပ်ကြီး လျှောက်လို့ရအောင် သူတို့ကို ဦးစားပေးတဲ့ အနေနဲ့ စင်းလုံးငှား လာတဲ့ ဂျစ်ကားကို တံတားတစ်ဖက်ထိပ်မှာ ခန ရပ်ခိုင်းလိုက်တယ်။ အနီးကပ်လာမှ တန်းစီပြီး လျှောက်လာတဲ့ လူအုပ်ကြီး ဟာ အသုဘ ချဖို့လာတဲ့ လူအုပ်ကြီး ဖြစ်မှန်း သိလိုက်ရတယ်။ ငိုနေတဲ့ မိန်းမ နဲ့ ကလေးတွေ ကို မတွေ့ရတာရယ်၊ အလောင်းကို သစ်သား အခေါင်းနဲ့ မလုပ်ဘဲ ဖျာစုတ် နဲ့ လိပ်ထားတာရယ်ကို ကြည့်ခြင်းအားဖြင့် သေတဲ့သူဟာ ဆွေမရှိ၊ မျိုးမရှိတဲ့ ဆင်းရဲသား လူပျိုကြီး (သို့) အပျိုကြီး တစ်ယောက်ယောက် ဖြစ်မယ်ဆိုတာ ကျွန်မ ခန့်မှန်းလိုက်မိတယ်။ လူအုပ်ကြီး တံတားကို ဖြတ်သွားပြီးတော့မှ ကျွန်မတို့ ကားလေး လဲ မြို့ထဲကို မောင်းဝင်လာခဲ့တယ်၊ ရွာသားတစ်ဦး ရဲ့ လမ်းညွှန်မှုကြောင့် မောင် ရှိနေမဲ့ ယောကျ်ားဂေဟာ ကို ဆိုက်ဆိုက်မြိုက်မြိုက် ဘဲ ရောက်လာခဲ့ပါတယ်။

ခြံဝင်းထဲကို ဝင်လိုက်တဲ့ အချိန်မှာ အသက် ၆၀ လောက်ရှိတဲ့ လူကြီးတစ်ယောက် ထွက်လာပြီး လာရင်းကိစ္စ ကို မေးတဲ့ အခါ မောင့်ရဲ့ နာမည်ကို ပြောပြီး မောင် နဲ့အရေးတကြီး ဆွေးနွေးစရာ ရှိလို့ စင်ကာပူ ကနေ ရန်ကုန် ၊ ရန်ကုန် ကနေ ဒီမြို့ အထိ လိုက်လာတာ ဖြစ်ကြောင်း ရှည်ရှည် လျားလျား ရှင်းပြလိုက်တော့ အဲဒီ လူကြီး မျက်နှာ တစ်ချက် ပျက်သွားတယ်၊ ပြီးတော့ ကျွန်မ အတွက် မောင် စာတစ်စောင် ရေးထားကြောင်း ပြောပြပြီး စာ ကိုထုတ်ပေးပါတယ်။ မောင့် စာကို ကျွန်မ ဖွင့်ဖတ်လိုက်တဲ့အခါမှာတော့ –

**** ချစ်သူ –– မောင့်ကို စိတ်ဆိုးနေတယ် မဟုတ်လား၊ စိတ်ဆိုးသင့်ပါတယ်၊ ချစ်သူ စင်ကာပူ ကို အလုပ်လုပ်ဖို့ထွက်သွားပြီး နောက်ပိုင်းမှာ ဒီမြို့လေးမှာ ရှိတဲ့ အေအိုင်ဒီအက်(စ) ရောဂါသည်များ ပြန်လည်ထူထောင်ရေး ယောကျ်ားဂေဟာ မှာ ဆက်ကပ်လုပ်ဆောင် ဖို့ လူလိုနေတယ်လို့ သတင်းကြားတာနဲ့ ချစ်သူနဲ့ လျှောက်လည်ခဲ့ဖူးတဲ့ ရန်ကုန်မြို့က အမှတ်တရ ဖြစ်တဲ့ နေရာတွေကို ကြည့်ရင်း ချစ်သူကို လွမ်းနေမဲ့ အစား၊ ဘုရားရှင်အတွက် ပေးဆပ်လိုတဲ့ စိတ်ဆန္ဒ ကြောင့် ဒီမြို့လေးကို မောင် ထွက်လာခဲ့တယ်။ ဒီရောက်တော့ ဝေဒနာသည် တွေကို ကိုယ်ဖိရင်ဖိ ပြုစုရင်း မောင်ကိုယ်တိုင် အားနည်းပြီး အိပ်ယာထဲ ဘုံးဘုံးလဲတဲ့ အထိ နေမကောင်းဖြစ်ခဲ့တယ်၊ အဲဒီ အချိန်မှာ ဒီ အေအိုင်ဒီအက်(စ) ပြန်လည်ထူထောင်ရေး စခန်းမှာရှိတဲ့ ကျန်းမာရေး ဝန်ထမ်းတစ်ယောက်က မောင့် ကို မြန်မြန် ကျန်းမာစေချင်တဲ့ ဆန္ဒနဲ့ ဆေးတွေ ထိုးပေးခဲ့တယ်။ ဒါပေမဲ့ သူ ထိုးပေးတဲ့ ဆေးထိုးအပ်က အေအိုင်ဒီအက်(စ) လူနာ တွေကို ထိုးပေးတဲ့ အပ်အဟောင်းကြီး ဖြစ်နေမှန်း နောက်မှ သိခဲ့ရတယ်၊ မောင်တို့အားလုံး စိတ်ပူသွားကယ်၊ မသန့်ရှင်းတဲ့ အပ်က ရောဂါ ကူးနိုင်တယ် ဆိုတာ သိပေမဲ့ ဆေးထိုးအပ် အသစ်နဲ့ အဟောင်း မှားပြီး သုံးမိတာကြောင့်မို့ပါ၊

မောင်တို့ စိုးရိမ်ခဲ့တဲ့ အတိုင်း နောက်တစ်နှစ်လောက် အကြာမှာ မောင် ကိုယ်တိုင် အေအိုင်ဒီအက်(စ) ရောဂါ အကူးခံ နေရပြီဆိုတာ သိလိုက်ရတယ်။ မောင့် ရောဂါကျွမ်းနေတဲ့ အချိန်မှာ ချစ်သူ စင်ကာပူ ကနေ မောင် နဲ့ လက်ထပ်ဖို့ အပြီးပြန်လာခဲ့တယ်လေ၊ မောင် ဘယ်လို ဖြေရမှာလဲ ချစ်သူ ၊ ကြောက်စရာ ကောင်းတဲ့ ရောဂါ ကို မောင် မထင်မှတ်ဘဲ ခံစားနေရပြီ၊ ချစ်သူ နဲ့ လက်ထပ်လိုက်ရင် ချစ်သူ လဲ ဒီရောဂါ ကူးစက်ခံရမယ်၊ ပြီးရင် မောင်တို့နှစ်ယောက်အားဖြင့် ပေါက်ဖွားလာမဲ့ ရင်သွေးလေးတွေ လဲ ဒီရောဂါ ထပ်ခံစားရလိမ့်အုံးမယ်၊ မောင် တွေးရင်း ကျောချမ်းလာမိတယ် ချစ်သူ၊ ဒီတော့ အကောင်းဆုံး နည်းက ဒီရောဂါရဲ့ သံသရာ ဒီနေရာမှာတင် ပြတ်သွားစေဖို့ ချစ်သူကို မောင် လက်မထပ်တာ အကောင်းဆုံးဘဲ လို့ စဉ်းစားမိလိုက်တယ်။ ဒါ့ကြောင့် "မောင့် ကို မေ့လိုက်ပါ " ဆိုတဲ့ ဖြတ်စာ ကို ရင်နာနာနဲ့ ရေးလိုက်တာပါ ချစ်သူ။ ဒါပါဘဲ။ ။ တစ်ချိန်က –– ချစ်သူ ရဲ့ မောင် ****

မောင့်စာကို ဖတ်ပြီးသွားတော့ ၊ "မောင် ဘယ်မှာလဲ" လို့ မေးလိုက်တဲ့ အချိန်မှာ အဲဒီလူကြီးက မောင် အခုမနက်ကဘဲ ဆုံးသွားလို့ ချက်ခြင်း မြေမြှုပ်ဖို့ သင်္ချိုင်းကုန်း ကို သယ်သွားပြီလို့ ပြန်ဖြေပါတယ်၊ "ဟင်– ဒါဆို မြို့အဝင် တံတားပေါ် မှာ တွေ့ခဲ့တဲ့ အသုဘ က မောင့် ရဲ့–– –– ––"

အခန်း (၄)

ကျွန်မရဲ့ မျက်ရည်တွေနဲ့ မောင့် စာတစ်စောင်လုံး စိုရွဲလို့နေပါပြီ။ တကယ်တော့ မောင်ဟာ မထင်မှတ်ဘဲ ကြွေလွင့်သွားတဲ့ သစ္စာရှင် အကြွေပန်း တစ်ပွင့်ဆိုတာ ကျွန်မ ရင်ထဲက လှိုက်လှိုက်လှဲလှဲ အသိအမှတ် ပြုလိုက်ပါတယ်ရှင်။ ဖြူစင်လွန်းတဲ့ မောင့်ကို အထင်မှားပြီး အပြစ်တင်ခဲ့မိတဲ့ ကျွန်မ ကို "ခွင့်လွှတ်ပါ " ဆိုတဲ့ စကားကို သန့်ရှင်းမြင့်မြတ်တဲ့ ကောင်းကင်ဘုံ ကနေ မောင် ကြားနိုင်ပါစေ လို့ ကျွန်မ ဆုတောင်းလိုက်ပါတယ် မောင်။ ။

ခရစ်တော် ၏ မေတ္တာဖြင့်


( မင်းအောင်သက်လွင် )

ဝန်ခံချက်။ ။ ဒီဇင်ဘာ ၁ ရက် နေ့တွင် ကျရောက်သော အေအိုင်ဒီအက်(စ) နေ့ အမှတ်တရ အဖြစ်၊ ဝေဒနာသည်များ အားလုံးကိုယ်စား ခံစားရေးဖွဲ့ပါသည်။ မည်သူ့ ကိုမှ မရည်ရွယ်ပါ။

ဤ သခင့်စကား စာစောင် အား ဖတ်ပြီး၊ ကူး၍ သင့်မိသားစု၊ ဆွေမျိုး နှင့် မိတ်ဆွေများ ထံ ခရစ္စမတ် လက်ဆောင် အဖြစ် ပို့ပေးခြင်းဖြင့် အမှုတော်မြတ်တွင် ပါဝင်ပါ။

# ကိုယ်တော်ပြုသည့်အမှုများ(၁)

သက်သေခံချက်



သုံးပါးတစ်ဆူဘုရားရှင်သည်၊ တုန္နိုင်းမရသော အနန္တတန်ခိုးနှင့် ပြည့်စုံသည်။ ထိုအကြောင်းကို ကျမ်းစာ၌ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ ရေးထားပြီးဖြစ်သည်။ ဘုရားရှင် ပြုသောကြီးစွာသောအမှုတို့ကို မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းမလဲတွေ့ရပေဦးမည်။

ဘုရားရှင်နှင့် အတူသွားလာသော နောက်၊ ဘုရားရှင်ကို ခိုလှုံကိုးစားသော နော၊ ဘုရားရှင်နှင့်ကျွမ်းဝင်သောကြောင့် အဆွေဟု ခေါ်ခြင်းခံရသော အာဗြံဟံ မှစ၍စိတ်နှလုံးနှိမ့်ချသော မောရှေ နှင့် ဒါဝိဒ်၊ ချစ်အပ်သော ဒံယေလ အပါအဝင်တမန်တော်များသည် ဘုရားရှင်ပြုသော အံ့သြဘွယ်ရာအမှုတို့နှင့် အစဉ်ကြုံတွေ့ခဲ့ရပါသည်။

ဘုရားရှင် ပြုသောအံ့သြဘွယ်နိမိတ်လက္ခဏာတို့ကို သင်နှင့် ကျွန်ုပ်တို့ နေ့စဉ်တွေ့ကြုံနေရပါသည်။ ထိုမျှမက ယေရှုဘုရားက (ယော-၁၄း၁၂)တွင် "ယုံကြည်သောသူသည် သာ၍ကြီးသော အမှုတို့ကို ပြုလိမ့်မည်" ဟု နာမတော်၊ အာဏာစက်၊ အခွင့်အရေးမှန်သမျှ ပေးအပ်တော်မူပြီး ဖြစ်၍ယနေ့ ကျွန်ုပ်တွေ့မြင်ရသော ကိုယ်တော် ပြုသည့်အမှုများထဲမှ အချို့ကို ဝေငှဖော်ပြပါမည်။

_ကျွန်ုပ် မြင်တွေ့ရသော ကိုယ်တော်ပြုသည့်အမှုများ စာမျက်နှာ (၁)_

တစ်ခုသော ညလယ်နှစ်နာရီ အချိန်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေသော ကျွန်ုပ်မှာ ကြာရှည်စွာ အသံမြည်နေခဲ့ပြီးဖြစ်သော ဖုန်းမြည်သံ ကို အိပ်မက်မဟုတ်မှန်းသိ၍၊ ထလာခဲ့ပြီးကိုင်မ လိုက်စဉ် တစ်ဖက်မှခေါ်နေသူသည်၊ စိတ်မရှည်ဟန်ဖြင့် ဖုန်းချလိုက်ပြီဖြစ်သည်။ ဖုန်းမှားဟန် ရှိသည်ဟု ထင်မိ၍ ပြန်လည်အိပ်စက်ခဲ့ရာမှ မနက်မိုးစင်စင် လင်းသောအခါတွင် ညက အဖြစ်အပျက် အလုံးစုံကို သိရလေတော့သည်။

ဖြစ်ပုံမှာ ညလယ်နှစ်နာရီအချိန်၌ အသင်းတော်မှလူငယ်တစ်ဦး ဗိုက်အပြင်းအထန် နာကျင်လွန်းသောကြောင့် စစ်ဆေးကြည့်ရာမှ အူအတက် ရောင်သည့် လက္ခဏာတွေ့ရသဖြင့် ဆေးရုံတင်လိုက်ရသည်။ ယခု ဆေးရုံတွင် လူအချို့ကို လူနာစောင့်အဖြစ် ထားရစ်ခဲ့ပြီး အသင်းတော်၏ လူကြီးဖြစ်သော ကျွန်ုပ်တို့ ဇနီးမောင်နှံ ထံ ငွေရေး ကြေးရေး ကိစ္စ တိုင်ပင်ရန်၊ အသင်းတော်မှ လူငယ်များ ညကဖုန်းဆက် မရ၍ ယခုမနက် အိမ်သို့ လာမည်ဟု သိလိုက်ရသည်။

ဆေးရုံ တက်ရမည်ဆိုပါက လူနာအတွက် ငွေ ၄ ထောင် (စင်ကာပူ ဒေါ်လာ) လိုကြောင်းသိရသည်။ အသင်းတော်မှလူတိုင်းနီးပါးသည် ကျပ်တည်းစွာ လုပ်ကိုင်စားသောက်ရင်း မိသားစုကို ပံ့ပိုးနေရသည့်အတွက် ဤငွေပမာဏ ကိုကူညီ ပေးဆောင်နိုင်ရန်ခွန်အားမရှိပါ။ သို့ဖြစ်၍ ဘုရားရှင်ထံ ဒူးထောက်ကာ ဆုတောင်း အသနားခံရလေတော့သည်။ "ဘုရားရှင် ကျွန်မတို့မှာ ငွေ မရှိပါ၊ တစ်ယောက်စီ၏ အားနည်းခြင်း၊ မစုံလင်ခြင်းကို ခွင့်လွှတ်တော်မူပါ။ ဆေးရုံတက်နေသူ၏ အပြစ်များကို လွှတ်တော်မူပါ" – – စသဖြင့် အသနား ခံပါသည်။

ထိုလူငယ်မှာ တရားမဝင် နေထိုင်သူ ဖြစ်သောကြောင့် ဆေးရုံတက်ရာတွင် လိမ်ညာ၍ တက်ကာ ကုသခံနေရပါသည်။ ရဲ ကိုလဲ ကြောက်ရပါသေးသည်။ လူနာစောင့်များကလဲ အလုပ်ဆင်းရမည်မို့ တနေကုန် စောင့်မည့်သူမရှိပါ။ ဆေးရုံသို့ ကျွန်ုပ်ရောက်သွားချိန်တွင် လူနာသည် ဆေးအရှိန်နှင့် မှိန်းနေပါသည်။ သူ၏အပေါ်တွင် လက်တင်၍ ဆုတောင်းပေးပါသည်။ သူ၏အပြစ် ကိုယ်စား အသနားခံ ဆုတောင်း၍ အနာရောဂါကို ယေရှုနာမဖြင့် နှင်ထုတ်ခဲ့ပါသည်။ နောက်တကြိမ် သင်းအုပ်ဆရာနှင့် ထပ်သွားပြီး ဆုတောင်းပေးပါသည်။ ဤတကြိမ်တွင် နိုးနေသော လူနာအား 'ခွဲစရာမလိုပါ၊ ညနေတွင်ဆေးရုံမှဆင်းနိုင်မည်' ဟု ပြောလိုက်ပါသည်။ ပြောခဲ့သည့်အတိုင်း ခွဲစရာမလိုဘဲ နောက်တစ်နေ့တွင် ဆေးရုံမှဆင်းနိုင်ခဲ့ပါသည်။


ကျွန်ုပ်သည် ကိုယ်စားပြု အသနားခံ၍ ထိုသူ၏အသက်တာ ဝိညာဉ်ရေးရာ ရင့်ကျက်အောင် တာဝန်ယူပါမည်ဟု ဘုရားရှေ့တွင် အာမခံခဲ့သော်လဲ အခြေအနေအမျိုးမျိုးကြောင့် ထိုတာဝန်မကျေပွန်ခဲ့ပါ၊ ထိုသူလဲ ရင့်ကျက်မလာပါ။ သို့ဖြစ်၍ ဆေးရုံမှဆင်းပြီး နောက်တစ်နှစ်ခန့် အကြာတွင် ထိုရောဂါပြန်ပေါ်လာပြီး အသင်းတော်ရှိ လူကုန်ပင်ပန်းကြ ပြန်ပါသည်။ လူငယ်ကလဲ ဗိုက်နာသက်သာရန် ဆေးရုံကိုသာ အာရုံကျနေသဖြင့် အသင်းတော်၏ရှိသမျှ ရုံပုံငွေ အကုန်ထုတ်သုံးရတော့သည်။ ဆေးကုသော်လဲ ရောဂါမပျောက်ပါ။ ထိုကာလ အတွင်းပင်ပန်းစွာဆုတောင်းရသည်။ ထိုသူသည် မိမိအပြစ်ကို မြင်၍ စစ်မှန်သောနောင်တနှင့် ဘုရားရှင်ထံခိုလှုံလာရန်ဖြစ်သည်။ ပိတ်ဆို့နေသော ဝိညာဉ်မျက်စိပွင့်ရန် ဆုတောင်းသောအခါ ထိုသူသည် ဘုရားရှင်၏ နှုတ်ကပါတ်တော်ကို နားလည်စ ပြုလာသည်။

ရောဂါအတော်သက်သာ လာသည်၊ ဆုတောင်းခြင်း ( အပြစ်ဝန်ချ၍ ဆုတောင်းခြင်း ) တန်ခိုး ခံစားလာရသည်။ ထိုသူက မြန်မာပြည်ပြန်တော့မည်၊ တရားမဝင် မနေလိုတော့ပါ ဟုဆုံးဖြတ်ခဲ့၍ ပြန်ရန်စီစဉ်ပေးခဲ့သည်။ ကျေးဇူးတော် ကြောင့် တစ်ပတ်ခန့်အကြာတွင်ခရီးကြမ်းမှ အခက်အခဲမရှိဘဲ ပြန်သွားနိုင်ခဲ့ပြီး ရန်ကုန်သို့ ချောမောစွာရောက်ရှိ၍ ရောဂါမှာလဲ ခွဲစိတ်စရာမလိုဘဲ မိသားစုနှင့် ကျန်းမာပျော်ရွှင်စွာ နေထိုင်နေပြီဟု အကြောင်းကြားသော စာကို လက်ခံ ရရှိခဲ့ပါသည်။

နိုင်ငံခြားတွင် နေချင်သလိုနေ၍ ဘုရားရှင်၏နှုတ်ကပါတ်တော်ကို နာခံ လိုက်လျှောက်ခြင်းမရှိ သူများအား ချစ်တော်မူသော ဘုရားက ဒါဏ်ခတ် တတ်ပါသည်။ နောင်တရလျှင် အပြစ်လွှတ်၍ ကောင်းကြီးပေးပါသည်။

စန်းစန်းမြင့် ( စင်ကာပူ )

oooooooooooooooooooooooooooooooooooooooooooooooooooooo



ဓမ္မဟာသ

နယ်လှည့် ဖဝံဂေလိဆရာ။ ။ ဒီရွာ က ဘုရားရှိခိုးကျောင်း ဘယ်နားမှာ ရှိလဲ ၊ သားသား ။

ကလေး။ ။ သိပ်မဝေးဘူး ခင်ဗျ၊ ဒီတည့်တည့် လျှောက်သွား၊ အိမ်ငါးလုံးကျော်ရင် လက်ဝါးကပ်တိုင် အကြီးကြီးနဲ့ ဘုရားကျောင်းကို တွေ့ရလိမ့်မယ်။

ဖဝံဂေလိ ဆရာ။ ။ ကျေးဇူးပါဘဲကွယ်၊ ဦးဦး ဒီညနေ အဲဒီ ဘုရားကျောင်း မှာ တရားဟောမယ်။ သားသားရဲ့ မိသားစု နဲ့ ဒီက သူငယ်ချင်းတွေပါ ဘုရားကျောင်းကို ခေါ်လာခဲ့နော်။

ကလေး။ ။ ဟုတ်ကဲ့ဦးဦး၊ ဒါနဲ့ ဦးဦးက ဘာအကြောင်း တရားဟောမှာလဲ။

ဖဝံဂေလိဆရာ။ ။ ကောင်းကင်ဘုံ သွားရာလမ်းကို ညွှန်ပြတဲ့ တရား ဟောမှာပေါ့။

ကလေး။ ။ ဟားဟားဟား ဦးဦး က ရယ်ရတယ်ဟော့ ၊ ဘုရားကျောင်း ဘယ်မှာရှိမှန်းတောင်မသိဘဲနဲ့၊ ကောင်းကင်ဘုံ ရှိတဲ့နေရာ ညွှန်ပြမလို့တဲ့ ဟားဟားဟား။

(ဝင်းမြင့်ဦး)




ကျွန်တော့်အသက် ၆၀ ရှိပါပြီ။ အလုပ်ကတော့ ဘုရားကျောင်း အစောင့်ပါ။ နေတာကလဲ ဘုရားကျောင်းထဲမှာဘဲနေပါတယ်။ တနင်္ဂနွေနေ့ ဆိုရင် အစောကြီး ထပြီး ဘုရားကျောင်းတံခါးတွေ လိုက်ဖွင့်ရတယ်။ ထိုင်ခုံတွေကို ဖုံသုတ်ပေးရတယ်။ တံမြက်စည်းလှည်းရတယ်။ သောက်ရေ ဖြည့်ပေးရတယ်။ ဘုရားရှိခိုးချိန်နီးလာရင် ခေါင်းလောင်းထိုးပေးရတယ်။ ဘုရားရှိခိုးချိန် ပြီးရင်တော့ တံခါးတွေလိုက်ပိတ်ရုံပါဘဲ။ ကျွန်တော့်အလုပ်က တနင်္ဂနွေတစ်ရက်ဘဲ အလုပ်များတာပါ။ တခြားနေ့ တွေဆိုရင် ကျောင်းဝင်းထဲက ပန်းပင်တွေကိုရေလောင်းပေးရုံပါဘဲ ။ အလုပ်ကသိပ်မပင်ပန်းသလို ငွေ လဲသိပ်မရပါဘူး။ ကျွန်တော့်ရဲ့ မိတ်ဆွေသူငယ်ချင်းတွေက ကျွန်တော့်ကို ဘာအလုပ်လုပ်သလဲလို့ မေးရင် ဘုရားကျောင်းအစောင့်လို့ ဖြေရမှာ သိမ်ငယ်သလိုခံစားမိတယ်။ ရှက်လဲရှက်မိတယ်။ ကျွန်တော့်ရဲ့ အလုပ်ကလူအထင်မကြီးတဲ့ အလုပ်၊ အရေးမပါတဲ့အလုပ်လို့ စိတ်ထဲက ထင်မိတယ်။

တစ်ခုသော စနေနေ့ မနက်မှာပေါ့ဗျာ၊ ကျွန်တော် ချွေးတလုံးလုံးနဲ့ ဘုရားကျောင်းထဲ တံမြက်စည်းလှည်းနေရင်း ပင်ပန်းလာတာနဲ့ ချောင် တစ်နေရာမှာ မှေးကနဲ အိပ်ပျော်သွားတယ်။ အဲဒီလို အိပ်ပျော်နေရင်းနဲ့ အိမ်မက်မက်နေတယ်။

*** အိမ်မက်ထဲမှာ ကောင်းကင်တမန် ဂါဗြေလ က ကျွန်တော့် ရှေ့ရောက်လာပြီး လိုရာဆုတောင်းပါလို့ ပြောတယ်။ ကျွန်တော် သိပ်ပျော်သွားဟယ်၊ အရေးမပါတဲ့ ဘုရားကျောင်းအစောင့် လုပ်ရတာရှက်တဲ့ အကြောင်းပြောပြပြီး ဘုရားကျောင်းထဲမှာ အသံချိုချိုနဲ့ ကွာယာသီချင်းဆိုတဲ့ မိန်းမလှလေးလို အရေးပါ၊ အရာရောက်တဲ့ သူတစ်ယောက် ဖြစ်ချင်ပါတယ်လို့ ဆုတောင်းလိုက်တယ်။ ဟာ– အံ့သြစရာကောင်းလိုက်တာဗျာ၊ ချက်ခြင်းဘဲ ကျွန်တော်ဟာ သီချင်းဆိုတတ်တဲ့ မိန်းမချောလေး ဖြစ်သွားပါလေရော၊ မိန်းမချောလေး အဖြစ်နဲ့ သီချင်းဆိုကောင်းနေတုံး 'ဖြုန်း' ဆို ကွာယာခေါင်းဆောင် ရောက်လာပြီး ကွာယာ သီချင်းဆိုနေတဲ့သူတွေကို သီချင်းဆိုပုံ ဆိုနည်းနဲ့ သီချင်းတွေ သင်ပေးပြီး၊ ရှေ့ကနေ အမိန့်ပေးနေပါတော့တယ်။

ဒါနဲ့ ကျွန်တော်လဲ ကောင်းကင်တမန် ဂါဗြေလကို ဒီထက်ပိုအရေးပါတဲ့ ကွာယာခေါင်းဆောင်ဖြစ်ပါရစေလို့ ဆုပန်လိုက်တယ်။ အံ့သြစရာ ကောင်းလိုက်တာဗျာ၊ ကျွန်တော်ဟာ ချက်ခြင်းဘဲ ကွာယာသီချင်းခေါင်းဆောင် ဖြစ်သွားပြီး ကွာယာအဖွဲ့ကို အမိန့်အမျိုးမျိုးပေးပြီး သီချင်းဆိုနေလိုက်တာ ပျော်စရာကြီးဗျာ။ အဲဒီအချိန်မှာဘဲ 'ဖြုန်း'ဆို အသင်းတော်အတွင်းရေးမှူး ရောက်လာပြီး အသင်းတော်နဲ့ပတ်သက်တဲ့ကိစ္စအဝဝကို ဒိုးဒိုးဒေါက်ဒေါက် ပြောသွားလိုက်တာများ၊ အားကျစရာကြီးဗျာ။ ဒါနဲ့ ကျွန်တော်လဲ ကောင်းကင်တမန် ဂါဗြေလ ကို ဒီထက်ပိုပြီးအရေးပါတဲ့ အတွင်းရေးမှူး ဖြစ်ပါရစေလို့ ဆုပန်လိုက်တယ်။ အံ့သြစရာကြီးဗျာ၊ ကျွန်တော်ဟာ ချက်ခြင်းဘဲ အတွင်းရေးမှူး ဖြစ်သွားတယ်။

အဲဒီလို အတွင်းရေးမှူး အဖြစ်နဲ့ တာဝန်ထမ်းဆောင်နေတုံး 'ဖြုန်း'ဆို သင်းအုပ်ဆရာ ရောက်လာပြီး တရားဟောစင်မြင့်ပေါ်ကနေ အာဘောင် အာရင်းသန်သန်နဲ့ တရားဟောနေလိုက်တာနားထောင်လို့ သိပ်ကောင်းတာဘဲဗျာ၊ ဒါနဲ့ ကျွန်တော်လဲ ကောင်းကင်တမန် ဂါဗြေလ ကို ဒီထက်ပိုပြီး အရေးပါတဲ့ သင်းအုပ်ဆရာ ဖြစ်ချင်တဲ့အကြောင်း ပြောလိုက်တယ်၊ အံ့သြစရာကောင်းလိုက်တာဗျာ ကျွန်တော်ဟာ ချက်ခြင်းဘဲ သင်းအုပ်ဆရာတစ်ပါး ဖြစ်သွားပါလေရော၊ သင်းအုပ်ဆရာ ဖြစ်သွားတဲ့ ကျွန်တော်ဟာ တနင်္ဂနွေနေ့ မနက်စောစော၊ ဘုရားရှိခိုးကျောင်းမှာ ဘုရားရှိခိုးဖို့ အသင်းသူ၊ အသင်းသား၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်တွေ အားလုံးနဲ့ တစ်စုတစ်ဝေးတည်းသွားနေပါတယ်။

ဘုရားကျောင်းမရောက်ခင် လမ်းခုလတ်မှာ အရင်တုံးကကြားနေကျ ဘုရားကျောင်းမစခင် အချက်ပေးတဲ့ အကြိုခေါင်းလောင်းထိုးသံကို မကြားရလို့ ကျွန်တော်တို့အားလုံး နဲနဲအံ့သြမိတယ်၊ ကျွန်တော်တို့ပဲ၊ နာရီမှားပြီးထွက်လာတာလားလို့ ထင်မိသွားသေးတယ်၊ ဒါပေမဲ့အားလုံးရဲ့လက်ပတ်နာရီ ကတော့ ဘုရားရှိခိုးခါနီးအချိန်ကို ညီညီညာညာဖော်ပြနေတာမို့ ကျွန်တော်တို့နာရီမမှားဘူးဆိုတာ သေချာသွားတယ်။ ဘုရားကျောင်းကိုရောက်တော့ ကျောင်းခြံစည်းရိုးတံခါးကို ကြိုတင်ဖွင့်မထားပဲ၊ ပိတ်ထားတာတွေ့လိုက်ရတယ်၊ ကျွန်တော်တို့နဲ့ အတူတူ ပါလာတဲ့ လူငယ်တွေက ခြံဝင်းတံခါးကို တွန်းဖွင့် လိုက်တယ်။

ဘုရားကျောင်းတံခါးကိုလဲ သော့ခတ်ထားတာတွေ့လိုက်ရတာမို့ သော့ကိုဖျက်ပြီး အထဲဝင်လိုက်ကြတယ်။ အထဲရောက်တော့ ဘုရားကျောင်းထဲက ထိုင်ခုံမှာ ဖုံအထပ်ထပ်တက်နေတဲ့အပြင် သောက်ရေအိုးထဲမှာလဲ ရေတစ်စက်မှ မရှိဘူး၊ ရေရှိတဲ့အိုးကလဲ ပိုးလောက်လန်းတွေနဲ့မို့ သောက်ချင်စရာ တစ်စက်မှမကောင်းဘူး၊ ခရီးဝေးကလာရတဲ့ အသင်းသားအားလုံးဟာ ခရီးပန်းပြီးမောနေကြပါပြီ၊ ဘုရားရှိခိုးဖို့အချိန်တန်နေပေမဲ့ ဘုရားမရှိခိုးနိုင်သေးပါဘူး၊ ကျွန်တော်နဲ့ အသင်းသူ အသင်းသားတွေဟာ ချွေးတလုံးလုံးနဲ့ ဘုရားကျောင်းကို သန့်ရှင်းရေးလုပ်နေရပါတယ်။

အားလုံးသန့်ရှင်းရေးလုပ်ပြီးတဲ့ အချိန်မှာ ညနေစောင်းနေပါပြီ၊ ဘုရားကျောင်းကို လူတွေ အဆင်သင့် ဘုရားရှိခိုးလို့ရအောင် အမြဲအဆင်သင့် ပြင်ဆင်ပေးတဲ့ ဘုရားကျောင်းစောင့် အဘိုးကြီး တာဝန်မကျေတဲ့အတွက် ကျွန်တော်တို့အားလုံး အဲဒီနေ့က သက်တောင့်သက်သာနဲ့ အချိန်မှန်မှန် ဘုရားမရှိခိုးနိုင်ခဲ့ပါဘူး။ လူတွေ အဆင်ပြေပြေ ဘုရားဝတ်ပြုနိုင်ဘို့ ဘုရားကျောင်းစောင့် အဘိုးကြီးက မရှိမဖြစ် အရေးကြီးတယ်ဆိုတာ အားလုံးက ဝိုင်းထောက်ခံကြတယ်။ အဲဒီ အချိန်မှာဘဲ လူငယ်လေးတစ်ယောက်က သစ်ပင်အောက်မှာ အိပ်ပျော်နေတဲ့ ဘုရားကျောင်းစောင့်အဘိုးကြီးကို တွေ့သွားပါတယ်။ ကျွန်တော်တို့ အားလုံး အဖိုးကြီးဆီရောက်သွားပြီး လှုပ်နှိုးလိုက်တယ်။ "အဘ အဘ၊ ထထ ထထ " ***

တစ်စုံတစ်ယောက်က ကျွန်တော့်ကို လှုပ်နှိုးနေတာမို့ အိပ်ပျော်ရာကနေ ကျွန်တော်နိုးလာတဲ့အချိန်မှာတော့ ကျွန်တော့်အိမ်မက်တွေလဲ ပျောက်လွင့်ခဲ့ရပြီပေါ့။ မျက်စိကို ဖွင့်ကြည့်လိုက်တော့ သင်းအုပ်ဆရာနဲ့ အသင်းသူ၊ အသင်းသားတွေကိုတွေ့လိုက်ရတယ်။ သင်းအုပ်ဆရာက "ဘဘ ကျွန်တော်တို့အားလုံး ဘဘကို ကူညီပြီး ဘုရားကျောင်းသန့်ရှင်းရေး လုပ်ဖို့ရောက်လာကြတာပါ။ အခုလာမဲ့ တနင်္ဂနွေနေ့မှာ နှစ်သစ်စည်းဝေးလုပ်ဖို့ရှိတယ်၊ ဘုရားကျောင်းကို အထူးသန့်ရှင်းရေးလုပ်ဖို့ လိုအပ်နေလို့ပါ " လို့ ပြောပါတယ်၊ အသင်းသူ အသင်းသားတွေကလဲ ကျွန်တော့်အတွက် စားစရာတွေ ယူလာပေးတယ်။ ပြီးတော့ ကျွန်တော်တို့ အားလုံး တက်ညီလက်ညီ နဲ့ လုပ်အားပေးကြပါတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ ဒီတစ်ခါ အိမ်မက်ထပ်မက်လို့ ကောင်းကင်တမန် ဂါဗြေလ ကိုတွေ့တဲ့အခါကျရင်၊ ကျွန်တော် တစ်သက်လုံး ဘုရားကျောင်းစောင့် အလုပ်ကို မြတ်မြတ်နိုးနိုး နဲ့ လုပ်သွားပါ့မယ်လို့ ဆုပန်ဖို့ သန္နိဋ္ဌာန် ချထားပါတယ်။ ။ *(မင်းအောင်သက်လွင်)*

သခင့်စကား (ခမှတ်စဥ်–၅) ၏ ကုန်ကျစရိတ်ကို ငွေ အားဖြင့် မျိုးစေ့ကြဲပါဝင်သော ကိုခင် နှင့် ကိုတွမ် အား ဘုရားသခင်ကောင်းကြီးပေးပါစေ။

ကဗျာရှည်



အသားမည်းမှာစိုးတဲ့ ကျီးကန်း၊
နာရီလက်တံပေါ် ဟီးလေးခိုရင်း၊
ညစ်ပတ်တဲ့ အမွှေးတွေကို ခွာချ။
တကျော့ပြန် နှလုံးသားကို ပေါင်းတင်ရင်း
ဆိုနေကျ ဓါတ်ပြားဟောင်းကြီးပေါ်မှာ၊
ဘယ်တုံးကမှ မတည်ဖူးတဲ့၊ ကတိချွန်ချွန်ကြီးတွေနဲ့ ကုတ်ခြစ်
ဟိုး– တင်းကုတ်လေးဆီက၊ 'အူဝဲ'ဆိုတဲ့ အသံလေး
နှင်းခြုံလွှာကို ခွဲပြီးထွက်လာ၊ သူ့ရဲ့ နုမဲ့ နှလုံးသားကို
ခပ်ကြမ်းကြမ်း ဆွဲရမ်းလို့သွား။
အနှစ် နှစ်ထောင်ကျော်က ဒီအသံလေး၊
ခြေကြုတ်ထဲ ထည့်ပြီး အိမ်ဦးခန်းမှာ ထားလို့ပေါ့။

ဖယောင်းတိုင်တွေ မှုတ်ကြ ၊ ကိတ်မုန့်တွေ ခွဲကြ
ပုလင်းတွေ ကွဲလို့၊ လူတွေ လဲလို့
Cheer !, Merry Christmas !
ဟိုး– ပဝေသဏီ က အူဝဲ၊ ခုထိငိုမြဲ ငိုနေရဆဲ
ငါငိုခဲ့တာ မင်းအတွက်ပါ။
မင်းရဲ့ ခြေကြုတ်ထဲက နို့ဘူးထက်
တန်ဆာမဲ့ နှလုံးသားထဲက ထမင်းကြမ်းခဲ၊
ငါ – ဝါးချင်တယ် – – –။

အိပ်မှုန်စုံမွှား အတွေးတွေကို၊ နှစ်သစ်ရဲ့ အပျိုစင်က
မွေးနေ့တော် လိုက်ကာရဲ့နောက်မှာ၊ ပြုံးစိစိနဲ့ ခိုးကြည့်လို့နေရဲ့။
ပြက္ခဒိန်ချက်တွေကို သားရေပင် နဲ့ကစား၊ ကတိသစ်တွေနဲ့ ထုပ်ဆီးတိုး။
ချေးအထပ်ထပ်၊ အတိတ် ဇဝေ အဝတ်ပုံကြီးတွေက
နှစ်ဟောင်း အိမ်အိုကြီးကို ဖြုတ်စာပေးရင်း၊
မျက်နှာဆီသုတ်၊ ပြက္ခဒိန်သစ်တွေထုတ်
ကတိအသစ်တွေ ချုပ်။
နှစ်ဦး သမီးပျိုကို နောက်ပိုးတွေနဲ့ အော်နေပုံက
HAPPY NEW YEAR !
အသစ်တော့ အသစ်ပါဘဲ။
အဟောင်းတွေကို ပြင်ရင်းသစ်တဲ့ ပြင်သစ်လား၊
တံဆိပ်သစ် လဲကပ်ထားတဲ့ ဟောင်းသစ်လား၊
ဘယ် 'သစ်' လဲကွယ်။
နှစ်ဦး ပျိုမေ ကတော့
ပိတ်ကားနောက်မှာ မခို့တရို့နဲ့၊ မျက်စပစ်လို့နေရဲ့။ ။

( ဝင်းမြင့်ဦး ) ၂၇–၁၂–၂၀၀၀

## ရာသီပြောင်း ခရစ္စမတ်

မိုးတဖွဲဖွဲ ရွာသွန်းဆဲ၊
အတွေးစဉ်ထဲ ချာချာဝဲ။

ယေရှုမွေးတာ ဆောင်းတွင်းမှာ၊
ယခင်တသက် ထင်မှတ် ငါ။

ဩော်– အခုတော့လည်း
နေရာအသစ်၊ သီအိုရီ အသစ်နဲ့
မိုးတွင်းမှာ ယေရှုမွေးဖွားလာပါလား။ ။

( စွယ်ဘုန်း )


၂၀၀၀ ခုနှစ် စင်ကာပူ Christmas Carol singing အမှတ်တရ။







သင့်ကို ချစ်တဲ့သူ တယောက် တစ်ရာ ရှိတယ်၊ ဟုတ်လား၊ နည်းပါသေးတယ်။ ။ သင့်ကို မုန်းတဲ့သူ တစ်ယောက် ရှိတယ်၊ ဟုတ်လား၊ သိပ်များလွန်းနေပြီ။



ထိုက်ထွန်းမိုးဆောင်ချက်

အခန်း (၁)

ကျွန်မ ခေါင်းတစ်ခုလုံး သွက်သွက်ခါအောင်ယမ်းပြီး အော်ပစ်လိုက်တယ်။ " မဟုတ်ဘူး၊ တစ်ခုမှမဟုတ်ဘူး၊ အဲဒီအပြစ်တွေအားလုံးကို ကျွန်မတစ်ခုမှ မကျူးလွန်ဘူး၊" ရက်စက်လိုက်တာရှင်၊ ကျွန်မကို စွဲချက်တင်တဲ့ အပြစ်တွေကို ကြည့်ပါအုံး၊

–ရုပ်တုကိုးကွယ်ခြင်း၊
–လူ့အသက်သတ်ခြင်း၊
–မုသားပြောခြင်း၊
–ဘုရားဝတ်၌ မွေ့လျော်ယောင်ဆောင်ခြင်း၊
–သူ့ဥစ္စာကိုခိုးခြင်း၊ – – ဆိုတဲ့ ဒီပြစ်မှုတွေကိုဒီနေ့ထိ ကျွန်မကနှစ်သက်မြတ်နိုးစွာ ကျူးလွန်နေပါတယ်တဲ့၊ ဆက်ပြောသေးတယ်၊ အဲဒီအပြစ်တွေကိုကျူးလွန်ကြောင်း ဝန်ခံရမယ်၊ ပြီးရင် နောင်တနလုံးသားနဲ့ အသစ်ပြုပြင်နိုင်ရမယ်၊ ဒါမှကျွန်မရဲ့ လက်သုံးစကား "ကိုယ်တော့်ကို သမီးဘယ်လောက် ချစ်တယ်ဆိုတာ ကိုယ်တော်အသိဆုံးပါ "ဆိုတဲ့ စကားကမှန်လိမ့်မယ်တဲ့။

အခန်း(၂)

ရက်၊ လ နှစ်တွေကိုကျော်ဖြတ်ပြီးတဲ့နောက်မှာတော့ ၂၀၀၂ ခုနှစ် နှစ်သစ်မှာ အသက်တာသစ်နဲ့ အသက်ရှင်တော့မယ်လို့ ခွန်အားအပြည့်နဲ့ ဆုံးဖြတ်လိုက်တယ်။ နှစ်ဟောင်းကို ပြန်မလှည့်ကြည့်ချင်ဘူး၊ သို့ပေမဲ့– အသက်တာဟောင်းကို မီးမောင်းထိုးပြီး သုံးသပ်လိုက်တော့ " ဟင်း –အသက်တာဟောင်းမှာ အကောင်းတစ်ခုမှမရှိပါလား။ " ဒါ့ကြောင့် ကိုယ်တော်ကကျွန်မကို သတိပေးတာဖြစ်မယ်။ " လက်တော်ထဲ ဘဝပုံအပ်လိုက်ဖို့သာကျန်တော့တယ် " ဆိုတဲ့ စိုင်းထီးဆိုင် ရဲ့တေးသွားကကျွန်မအတွက်ပါလား။

အခန်း(၃)

တစ်ကယ်တော့ ကျွန်မကရန်ကုန်မှာမွေးတဲ့ရန်ကုန်သူ၊ ဒါပေမဲ့ ကြီးပြင်းလာခဲ့ရတာက မေမြို့နဲ့ တောင်ကြီးမှာ၊ ဒီတော့ကျွန်မနဲ့ချယ်ရီပန်း ခွဲခြားလို့ မရနိုင်ခဲ့ပြီ။ ကျွန်မခေါင်းထက်မှာစံပါယ်ပန်းလေးတွေ နေရာယူဖူးတယ်။ ဘွဲ့ယူတုန်းကလဲ မမျှော်လင့်ဘဲ သစ်ခွပန်းတွေနေရာရသွားဖူးတယ်။ ဒါပေမဲ့ ကျွန်မနဲ့ ပတ်သက်ခဲ့ဖူးတာက ချယ်ရီပန်း၊ မေမြို့မှာနေတုန်းက ခြံကြီးထဲမှာချယ်ရီပင် ၅ ပင်လောက်ရှိတယ်၊ တောင်ကြီးမှာတော့ ချယ်ရီပင် အကြီးကြီးတစ်ပင်၊ အခုတော့မရှိတော့ဘူး၊ အမြစ်ပါမကျန် တူးပစ်လိုက်ကြပြီ။ အဲဒီတုန်းကချယ်ရီတွေ ပွင့်ရင်သိပ်ပျော်တယ်။

ကျွန်မတို့ အိမ်ရှေ့ကချယ်ရီပင်အိုကြီး အကြောင်းပြောပြမယ်နော်၊ ဟုတ်တယ် အဲဒီ ချယ်ရီပင်ကြီးကတော်တော်အိုနေပြီသိလား၊ ပင်စည်ထဲမှာ ခြစားထားလို့ မြေကြီးတွေပွနေပြီ၊ အရွက်တွေကြွေကုန်လို့ အရိုးပြိုင်းပြိုင်းနဲ့ ခြောက်ကပ်လို့သိပ်အရုပ်ဆိုးတာဘဲ။ ဟော– မကြာပါဘူး သူ့ရဲ့ကိုင်းဖျားလေးတွေမှာ နီညိုရောင် ပန်းဖူးလေးတွေ နေရာယူလာပြီ၊ ဆောင်းနေခြည် နွေးနွေးနဲ့ နှင်းငွေ့တွေကြောင့် ပန်းရောင် အပွင့်လေးတွေ ဖူးပွင့်လာချိန်မှာ အရွက်နုလေး တွေကလဲ နီသလိုလို၊ စိမ်းသလိုလိုအသွေးအရောင်နဲ့ မျက်စိ သိပ်အေးတာဘဲသိလား။ အဲ – နောက်တော့ အပွင့်လေးတွေကြွေ၊ အရွက်လေးတွေလဲ အစိမ်းရောင်ပြောင်း၊ အပွင့်ကြွေတွေရဲ့ နေရာမှာ အသီးလေးတွေ နေရာယူချိန်မှာလဲ ချယ်ရီဟာ လှနေဆဲပါဘဲ။ အဲ– အသီးနီနီလေးတွေ မြေပေါ်ကြွေကျပြီး အရွက်တွေမှာ ပိုးယားတွေ တက်လာချိန်မှာတော့ ဖေဖေက ချယ်ရီပင်ကြီးကို ခုတ်မယ် တကဲကဲ လုပ်နေပါတော့တယ်။ ပိုးယားတွေက အပင်ပေါ်ကတဆင့် အိမ်ထဲထိဝင်လာပြီး လူတွေကိုအနှောက်အယှက်ပေးတာကိုး၊ အဲဒီတော့ ဖေဖေကစိတ်တိုတော့တာပေါ့၊ အံမယ်ပြောရအုံးမယ်၊ ချယ်ရီပင်ကြီး ဝေနေအောင်ပွင့်တုန်းကတော့ ဖေဖေက " သမီးရေ ပန်းတွေကသိပ်လှတာဘဲ၊ ဘုရားကျောင်းထဲမှာ ပန်းအိုးထိုးပါလား၊" ဆိုပြီးလူငယ်လေး တစ်ယောက်ကို အပင်ပေါ်တက်ခိုင်းပြီး ရလာတဲ့ ပန်းတွေကို ဘုရားကျောင်းမှာပန်းအိုးထိုးလိုက်တာ ပလ္လင်တစ်ခုလုံး ချယ်ရီပန်းတွေ အပြည့် ဖြစ်သွားတော့ သူငယ်ချင်းတွေက " အဲဒါ နှင့်လက်ချက် မဟုတ်လား" တဲ့။

အင်း – ဆက်ပြောမယ်နော် ၊ ကျွန်မက ပိုးယားလေးတွေကို " နင်တို့တွေ မြန်မြန်လိပ်ပြာဖြစ်ပြီး ပြန်သွားကြပါတော့၊ ငါ့ဖေဖေကချယ်ရီပင်ကြီးကို ခုတ်ပစ်မယ် လို့ပြောနေပြီ။" လို့ပြောလိုက်တယ်။ မကြာပါဘူး၊ ပိုးယားလေးတွေ တကယ်မရှိတော့ဘူး၊ အပင်ပေါ်မှာလဲ ဘာအလှအပမှ မကျန်တော့ဘူး၊ အပင်အိုကြီးဘဝ ပြန်ရောက်သွားပြီလေ။

အခန်း(၄)

ချယ်ရီပင်အိုကြီးလို တစ်နှစ်တစ်ခါဘဲ ဝေဆာလှပရတဲ့အဖြစ်မျိုး ကျွန်မ မပိုင်ဆိုင်ချင်ဘူး၊ အဟောင်းရှိသမျှတွေကြွေပါစေတော့၊ ၂၀၀၂ ခုနှစ်က စလို့ ဘုရားရှင်အသက်ရှင်ခွင့်ပေးအုံးမဲ့ အသက်တာခရီးတစ်ခုလုံးမှာအသစ်ဖြစ်ချင်ပြီ၊ အသက်တာအဟောင်းမှာ ကျက်စားခဲ့တဲ့ အကျင့်ဟောင်းတွေကို စွန့်တော့မယ်။ ကျမ်းစာက ကျွန်မကို ဒီလိုသတိပေးတယ်။

၁– ငွေကိုတပ်မက်ခြင်းဟာ ရုပ်တုကိုကိုးကွယ်ခြင်းဖြစ်တယ်။ ငွေရလေ၊ လောဘကြီးလေပေါ့၊ လူတွေအသုံးပြုနေကြတဲ့ ငွေစက္ကူတိုင်းမှာရုပ်ပုံအမျိုးမျိုးပါတယ်။ ဒါ့ကြောင့် ငွေစက္ကူ ဟာရုပ်တု။

၂– သူတစ်ပါးကို မချစ်နိုင်တဲ့သူ၊ သူတစ်ပါးအပြစ်ကိုခွင့်မလွှတ်နိုင်သောသူ။ သူတစ်ပါးကိုမုန်းသောသူ၊ ( မုန်းတီးခြင်းသည် လူ့အသက်ကို သတ်ခြင်း နှင့်တူသည်။)

၃– မုသားမပါ လင်္ကာမချော၊ ဆိုတဲ့စကားကိုလက်ကိုင်ထားပြီး သူတစ်ပါး ယုံလွယ်အောင် စကားလှလှလေးသုံးပြီး လိမ်ညာခြင်းဟာ မုသားပြောခြင်း ဖြစ်ပါတယ်။

၄– ဘုရားကျောင်းပုံမှန်တက်ပေမဲ့ ဝတ်ပြုကိုးကွယ်ခြင်းမှာစိတ်ပါဝင်စားခြင်းမရှိ ၊ ပျပ်ဝတ်ကိုးကွယ်ခြင်းမရှိ ဘဲတရားကို နာရုံမျှသာပြုတဲ့သူဟာ၊ ဘုရားဝတ်၌ မွေ့လျော် ယောင်ဆောင်သူ ဘဲဖြစ်ပါတယ်။ ဘုရားကို နှုတ်ခမ်းနဲ့ရှိသေပြီး စိတ်နှလုံးမှာ ကိုယ်တော်နှင့်ဝေးနေသော သူဖြစ်ပါတယ်။

၅– လူ့ဥစ္စာကိုမခိုးသော်လဲ မိမိမှာရှိတဲ့ငွေကို ကိုယ်ထင်သလိုသုံးစွဲပြီး ဆယ်ဖို့တစ်ဖို့ အလှူငွေအပေါ်မှာ သစ္စာမရှိခြင်းဟာ သူ့ဥစ္စာကို ခိုးခြင်းနဲ့တူပါတယ်။

မိတ်ဆွေ––ကျွန်မရဲ့ သခင်က ကြောက်တတ်တဲ့ စိတ်သဘောကို မပေးပါဘူး၊ " တန်ခိုးပါသောစိတ်၊ ရှင်းလင်းသောစိတ်" ကိုပေးထားတဲ့အတွက် အသက်တာဟောင်းက အကျင့်ဟောင်းတွေကို ကျွန်မ ဝန်ခံနိုင်ပါပြီ။

အခန်း (၅)

ကိုစိုင်းထီးဆိုင် ကတော့တေးသီနေဆဲပါဘဲ၊ "ခုချိန်မှရောက်လာတော့ နောက်ကျနေပြီလားသခင်" တဲ့၊ သေချာတာပေါ့၊ နောက်မကျသေးပါဘူး၊ ၂ကော ၆း၂– – "ယခုပင် နှစ်သက်ဖွယ်သောအချိန်ရှိ၏၊ ယခုပင် ကယ်တင်ရာနေ့ ဖြစ်၏" တဲ့ ၊

ဒါပေမဲ့ ကျွန်မရဲ့ ခွန်အား၊ ဥစ္စာ၊ ငွေကြေး၊ ကံ၊ ဉာဏ်၊ ဝီရိယ ဘာတစ်ခုမှ အသုံးမကျပါဘူး၊ ခရစ်တော် အားဖြင့်သာတတ်နိုင်တယ်ဆိုတဲ့အသိက ကျွန်မရဲ့ ဦးနှောက်ထဲကို လက်ကနဲ ဝင်ရောက်လာတယ်။

ဖိ ၄း၁၃– – ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော် အားဖြင့်ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏။

၂ကော ၅း၁၇– – လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏၊ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီ။

ကောလောသဲ ၃း၉–၁၀– – အကြောင်းမူကား သင်တို့သည် လူဟောင်း၏ အကျင့်တို့နှင့် လူဟောင်း၏ ကိုယ်ကိုချွတ်ပယ်၍ ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဍာန်နှင့်အညီ၊ မှန်သောပညာအားဖြင့်အသစ်ပြုပြင်သောလူသစ်ကို ယူတင် ဝတ်ဆောင်သောသူဖြစ်ကြ၏။ ။

( ဂီဂီမင်း )